# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# စီမံကိန်းဦးစီးဌာန

## စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် (၃/ ၂၀၂၆)    ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ(၁၀) ရက်

| ၁၀- ၂- ၂၀၂၆ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂,၁၀၀.၀ |
| ယူရို | ၂,၅၀၁.၁၀ |
| စင်္ကာပူဒေါ်လာ | ၁,၆၅၉.၄၉ |
| စတာလင်ပေါင် | ၂,၈၆၉.၉၇ |
| ဂျပန်ယန်း (၁၀၀) | ၁,၃၄၉.၇၄ |
| တရုတ်ယွမ် | ၃၀၃.၈၀ |
| ဟောင်ကောင် ဒေါ်လာ | ၂၆၈.၆၂ |
| အိန္ဒိယရူပီး | ၂၃.၁၉ |
| ကိုရီးယားဝမ် (၁၀၀) | ၁၄၃.၉၀ |
| မလေးရှား ရင်းဂစ် | ၅၃၄.၇၆ |
| ဖိလစ်ပိုင်ပီဆို | ၃၅.၈၈ |
| ရုရှားရူဘယ် | ၂၇.၁၈ |
| ထိုင်းဘတ် | ၆၇.၃၈ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၁၂ |


လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


### သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ ဂျပန်နိုင်ငံတွင် ဆန်ပြတ်လပ်မှုများ ဖြစ်ပေါ်လျက်ရှိခြင်းကြောင့် ပုဂ္ဂလိက ကဏ္ဍမှ ဆန်တင်သွင်းမှုမှာ ၉၅ ဆ မြင့်တက်ခဲ့သည့်သတင်းအား တင်ပြခြင်း

➢ ၂၀၂၅-၂၆ ဘဏ္ဍာနှစ်အတွင်း အိန္ဒိယနိုင်ငံ၏ ပဲမျိုးစုံတင်သွင်းမှုသည် ၃၀ ရာခိုင်နှုန်းခန့် လျော့ကျကာ တန်ချိန် ၅ သန်းအထိ ကျဆင်းနိုင်ခြေရှိကြောင်း သိရ

- **အထွေထွေသတင်းများ**

➢ အိန္ဒိယ-အီးယူ လွတ်လပ်စွာကုန်သွယ်ရေးသဘောတူညီချက် (FTA) သည် ကျယ်ပြန့်သော ကမ္ဘာ့ဈေးကွက်ကို ဖွင့်လှစ်ပေးပြီး အလုပ်အကိုင်အခွင့်အလမ်းများ၊ ပို့ကုန်များနှင့်အတူ လူငယ်များနှင့် တောင်သူလယ်သမားများအတွက် အခွင့်အလမ်းများကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း အိန္ဒိယဝန်ကြီးချုပ်ပြောကြား

## ဂျပန်နိုင်ငံတွင် ဆန်ပြတ်လပ်မှုများ ဖြစ်ပေါ်လျက်ရှိခြင်းကြောင့် ပုဂ္ဂလိကကဏ္ဍမှ ဆန်တင်သွင်းမှုမှာ ၉၅ ဆ မြင့်တက်ခဲ့သည့် သတင်းအား တင်ပြခြင်း

အခွန်ပေးဆောင်၍ ပြည်ပမှ တင်သွင်းရသည့် ဆန်များမှာ ဂျပန်ပြည်တွင်းထုတ် ဆန်ဈေးထက် သက်သာလျက်ရှိခြင်းကြောင့် ဂျပန်နိုင်ငံရှိ ပုဂ္ဂလိက ကုမ္ပဏီများ၏ ဆန်တင်သွင်းမှုမှာ ၂၀၂၅ ခုနှစ်တွင် ၉၅ ဆမြင့်တက်ခဲ့ပြီး၊ ၉၆,၈၃၄ တန်ရှိခဲ့ကြောင်း ဂျပန်အစိုးရက ၂၉-၁-၂၀၂၆ ရက်နေ့တွင် ထုတ်ပြန်ခဲ့ကြောင်း ၃၀-၁-၂၀၂၆ ရက်နေ့ထုတ် The Nikkei Asia သတင်းစာတွင် “Japan's private-sector rice imports soar 95-fold in wake of shortage” ခေါင်းစဉ်ဖြင့် ဖော်ပြခဲ့ပါသည်။

အဆိုပါ သတင်းတွင် ပုဂ္ဂလိကမှ ဆန်ဝယ်ယူတင်သွင်းခဲ့မှု ပမာဏမှာ ၁၉၉၉ ခုနှစ်မှ စတင်၍ အများဆုံးဖြစ်ခဲ့ကြောင်း၊ ပုဂ္ဂလိကမှ ဆန်တင်သွင်းခဲ့မှုမှာ နှစ်စဉ် တန် ၆၀၀ မှ တန် ၈၀၀ အကြားရှိခဲ့ပြီး၊ ၂၀၂၄ ခုနှစ်တွင် ၁,၀၁၅ တန် ရှိခဲ့ကြောင်း၊ သို့သော် ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ တစ်လတည်းတွင်ပင် ဆန်တန်ချိန် ၂၆,၃၉၇ တန် တင်သွင်းခဲ့ပြီး၊ စံချိန်တင် အများဆုံးဖြစ်ခဲ့ကြောင်း၊ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလတွင် ပုဂ္ဂလိကမှ ဆန်တင်သွင်းခဲ့မှုမှာ ၃,၈၆၆ တန် ရှိခဲ့ပြီး၊ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၃၃ ဆ နီးပါး မြင့်တက်ခဲ့ကြောင်း ဖော်ပြထားပါသည်။

ပြည်တွင်းထုတ် ဆန်များမှာ စတိုးဆိုင်များတွင် ပြတ်လပ်မှုများ ဖြစ်ပေါ်ခဲ့ပြီးနောက် ပြည်ပမှ ဆန်တင်သွင်းမှု များပြားလာခဲ့ခြင်း ဖြစ်ကြောင်း၊ စားသောက်ဆိုင်လုပ်ငန်း လုပ်ကိုင်သည့် Colowide အနေဖြင့် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလမှစတင်၍ ၎င်း၏ စားသောက်ဆိုင်များတွင် အမေရိကန်နိုင်ငံ၊ ကာလီဖိုးနီးယားပြည်နယ်ထုတ် Calrose ဆန်များကို အသုံးပြုခဲ့ကြောင်း၊ Yoshinoya Holdings အနေဖြင့်လည်း ၂၀၂၃ ခုနှစ်၊ နွေရာသီမှစတင်၍ ၎င်း၏ စားသောက်ဆိုင်များတွင် ပြည်တွင်းထုတ် ဆန်နှင့် ပြည်ပမှတင်သွင်းသည့် ဆန်များကို ရောနှောအသုံးပြုခဲ့ကြောင်း၊ ဂျပန်နိုင်ငံတွင် အကြီးဆုံး လက်လီအရောင်းဆိုင်ဖြစ်သည့် Aeon အနေဖြင့် ၂၀၂၅ ခုနှစ်၊ ဇွန်လမှ စတင်၍ အမေရိကန်နိုင်ငံ ထုတ်ဆန်များကို ၎င်း၏ စတိုးဆိုင်များတွင် ရောင်းချခဲ့ကြောင်း ဖော်ပြထားပါသည်။

ဂျပန်အစိုးရအနေဖြင့် နှစ်စဉ် ဆန်တန်ချိန် ၇၇၀,၀၀၀ ကို အကောက်ခွန် ကင်းလွတ်ခွင့်ပြုသည့် Minimum Access Quota အရ တင်သွင်းခွင့်ပြုလျက် ရှိကြောင်း၊ တန်ချိန် ၁ သိန်းကို စားသုံးရန်အတွက် တင်သွင်းလျက် ရှိကြောင်း၊ အဆိုပါ သတ်မှတ်ပမာဏထက် ကျော်လွန်၍ တင်သွင်းလာမှုများအတွက် ၁ ကီလိုဂရမ်လျှင် ၃၄၁ ယန်း (အမေရိကန်ဒေါ်လာ ၂.၂၃ ဒေါ်လာ) ကောက်ခံလျက်ရှိကြောင်း၊ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့မှ ၁၈ ရက်နေ့အထိ ရက်သတ္တပတ်တာကာလ

Agribusiness & Trade

အတွင်းတွင် ဆန် ၅ ကီလိုဂရမ် ၁ အိတ်၏ ဈေးနှုန်းမှာ ၄,၂၈၃ ယန်းရှိခဲ့ကြောင်း နှင့်ရက်သတ္တ ၂၀ ပတ်မြောက်အဖြစ် ယန်း ၄,၀၀၀ အထက် ရောက်ရှိခဲ့ခြင်း ဖြစ်ကြောင်း ဖော်ပြထားပါသည်။

**တင်ပြချက်**

ဂျပန်နိုင်ငံတွင် ၂၀၂၃ ခုနှစ်၌ ရာသီဥတု ပူပြင်းခဲ့သည့်အတွက် ၂၀၂၄ ခုနှစ်၊ ဆန်စပါးရိတ်သိမ်းချိန်တွင် ဆန်အထွက်နှုန်း ကျဆင်းခဲ့ပါသည်။ ထိုသို့ ဆန်အထွက်နှုန်း ကျဆင်းချိန်တွင် ဂျပန်နိုင်ငံ၌ ယန်းငွေတန်ဖိုးမှာလည်း အလွန်အမင်းကျဆင်းခဲ့မှုကြောင့် နိုင်ငံခြားသားခရီးသွားများ လာရောက်မှုကို တွန်းအားဖြစ်စေခဲ့ပြီး ဆန်ဝယ်လိုအား မြင့်တက်ခဲ့ကာ Supply and Demand မမျှတမှု ဖြစ်ပေါ်ခဲ့ပြီး ဆန်တန်ချိန် ၄ သိန်း ပြတ်လပ်မှု ဖြစ်ပေါ်ခဲ့ပါသည်။ ထိုသို့ ဆန်ပြတ်လပ်မှုများဖြစ်ပေါ်ခဲ့ပြီး ဆန်ဝယ်လိုအား မြင့်တက်ခဲ့ခြင်းကြောင့် ပြည်တွင်းဆန်ဈေးနှုန်းများလည်း အဆမတန်မြင့်တက်ခဲ့ပါသည်။ ထိုသို့ ပြည်တွင်းဆန်ဈေးနှုန်းများ မြင့်တက်ခဲ့ခြင်းကြောင့် ပြည်ပမှ ဈေးနှုန်းသက်သာသည့် ဆန်များကို ပိုမိုဝယ်ယူတင်သွင်းခဲ့ခြင်း ဖြစ်ကြောင်း သုံးသပ်ရပါသည်။

သူဇာဖြိုး၊ စီးပွားရေးသံမှူး

တိုကျို

Agribusiness & Trade

## ၂၀၂၅-၂၆ ဘဏ္ဍာနှစ်အတွင်း အိန္ဒိယနိုင်ငံ၏ ပဲမျိုးစုံတင်သွင်းမှုသည် ၃၀ ရာခိုင်နှုန်းခန့် လျော့ကျကာ တန်ချိန် ၅ သန်းအထိ ကျဆင်းနိုင်ခြေရှိကြောင်း သိရ

ယခုဘဏ္ဍာနှစ်အတွင်း အိန္ဒိယနိုင်ငံ၏ ပဲမျိုးစုံတင်သွင်းမှုသည် ယခင်ဘဏ္ဍာနှစ်က တန်ချိန် ၇ ဒသမ ၃ သန်းရှိခဲ့ရာမှ လက်ကျန်စတော့များပြားခြင်း၊ အမေရိကန်ဒေါ်လာနှင့်နှိုင်းယှဉ်ပါက ရူပီးငွေတန်ဖိုးကျဆင်းခြင်းနှင့် စားတော်ပဲ (yellow peas) အပေါ် အခွန်ကောက်ခံခြင်းတို့ကြောင့် သုံးပုံတစ်ပုံခန့် လျော့ကျကာ တန်ချိန် ၅ သန်းဝန်းကျင်အထိ ကျဆင်းနိုင်ခြေရှိကြောင်း The Hindu Businessline သတင်းဌာနက ယခုလ ၂၈ ရက်က ဖော်ပြသည်။

"အိန္ဒိယနိုင်ငံသည် ယခင်နှစ်က ပဲမျိုးစုံတန်ချိန် ၇ ဒသမ ၃ သန်း တင်သွင်းခဲ့သော်လည်း ယခုနှစ်တွင် တန်ချိန် ၅ သန်းခန့်သာ တင်သွင်းတော့မည်ဟု ထင်မြင်မိပါသည်။ တင်သွင်းသည့်ပမာဏမှာ သိသိသာသာ လျော့ကျသွားခြင်းဖြစ်ပါသည်။ ယခင်နှစ်မှ လက်ကျန်ပမာဏ အများအပြား ကျန်ရှိနေခြင်းသည်လည်း တင်သွင်းမှုလျော့ကျရခြင်း၏ အကြောင်းရင်းတစ်ခုဖြစ်သည်ဟု

ထင်မြင်မိပါသည်” ဟု ပဲမျိုးစုံကဏ္ဍ၏ ထိပ်တန်းကုန်သွယ်ရေးအဖွဲ့အစည်းဖြစ်သော အိန္ဒိယပဲမျိုးစုံနှင့် နှံစားသီးနှံအသင်း (IPGA) ၏ ဥက္ကဋ္ဌဖြစ်သူ Bimal Kothari က ပြောကြားခဲ့သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက မကြာသေးမီက ထုတ်ပြန်ခဲ့သည့် အမြန်ခန့်မှန်းချက်များအရလည်း ယခုဘဏ္ဍာနှစ်အတွက် အလားတူအခြေအနေမျိုးကို ညွှန်ပြနေကြောင်း တွေ့ရှိရသည်။ အဆိုပါ အမြန်ခန့်မှန်းချက်များအရ ယခုဘဏ္ဍာနှစ်၏ ဧပြီလမှ ဒီဇင်ဘာလအထိ ကာလအတွင်း ပဲမျိုးစုံတင်သွင်းမှု တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၂၅ ဘီလီယံရှိပြီး ယခင်နှစ် အလားတူကာလက အမေရိကန်ဒေါ်လာ ၃ ဒသမ ၇၈၈ ဘီလီယံ ရှိခဲ့ခြင်းကြောင့် ၃၃ ဒသမ ၃၃ ရာခိုင်နှုန်းလျော့ကျသွားကြောင်း သိရသည်။

အိန္ဒိယပဲမျိုးစုံနှင့် နှံစားသီးနှံအသင်း (IPGA) ၏ အဆိုအရ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှ နိုဝင်ဘာလအထိ ကာလအတွင်း စုစုပေါင်း ပဲမျိုးစုံတင်သွင်းမှုမှာ တန်ချိန် ၅၆ ဒသမ ၆၅ သိန်းရှိခဲ့ပြီး ယခင်နှစ် အလားတူကာလက တန်ချိန် ၆၁ ဒသမ ၅၆ သိန်း ရှိခဲ့ခြင်းကြောင့် ၈ ရာခိုင်နှုန်းခန့် လျော့ကျခဲ့ကြောင်း သိရသည်။ အဆိုပါ ကာလအတွင်း ပဲနီလေး (masur) တင်သွင်းမှုမှာ တန်ချိန် ၉ ဒသမ ၃၅ သိန်း (ယခင် ၉ ဒသမ ၁၉ သိန်း) ရှိခဲ့သဖြင့် ၁ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်ခဲ့သော်လည်း ပဲစင်းငုံ (tur) တင်သွင်းမှုမှာမူ တန်ချိန် ၁၀ ဒသမ ၅၄ သိန်း (ယခင် ၁၁ ဒသမ ၄၃ သိန်း) သာရှိခဲ့သဖြင့် ၇ ဒသမ ၇၁ ရာခိုင်နှုန်း လျော့ကျခဲ့ကြောင်း တွေ့ရှိရသည်။ မတ်ပဲ (Urad) တင်သွင်းမှုမှာ တန်ချိန် ၉ ဒသမ ၈၆ သိန်း (ယခင် ၆ ဒသမ ၉၄ သိန်း) ရှိခဲ့သဖြင့် ၄၂ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး စားတော်ပဲ (yellow peas) တင်သွင်းမှုမှာ တန်ချိန် ၁၁ ဒသမ ၄၁ သိန်း (ယခင် ၂၇ ဒသမ ၃၃ သိန်း) သာရှိခဲ့သဖြင့် ၅၈ ရာခိုင်နှုန်း လျော့ကျခဲ့ကြောင်း သိရသည်။ တစ်ဖက်တွင်လည်း ကုလားပဲ (chana) တင်သွင်းမှုမှာ တန်ချိန် ၁၃ ဒသမ ၂၅ သိန်း (ယခင် ၂ ဒသမ ၃၁ သိန်း) အထိ ရှိခဲ့သဖြင့် ၄၇၂ ရာခိုင်နှုန်းအထိ အဆမတန် မြင့်တက်ခဲ့ကြောင်း တွေ့ရှိရသည်။

အစိုးရ၏ ပထမအကြိမ် ကြိုတင်ခန့်မှန်းချက်များအရ ၂၀၂၅ ခုနှစ် မိုးရာသီ (kharif) စိုက်ပျိုးချိန်အတွင်း အိန္ဒိယနိုင်ငံ၏ ပဲမျိုးစုံထုတ်လုပ်မှုမှာ တန်ချိန် ၇၄ ဒသမ ၁၃ သိန်းရှိမည်ဟု ခန့်မှန်းထားပြီး ယခင်နှစ်က တန်ချိန် ၇၇ ဒသမ ၃၃ သိန်း ရှိခဲ့ခြင်းကြောင့် အနည်းငယ် လျော့နည်းနေကြောင်း သိရသည်။ လက်ရှိဆောင်းရာသီ (rabi) စိုက်ပျိုးချိန်အတွင်း ယခုလ ၂၃ ရက်နေ့အထိ ပဲမျိုးစုံစိုက်ပျိုးဧရိယာမှာ ဟက်တာ ၁၃၇ ဒသမ ၅၅ သိန်း (ယခင်နှစ်က ၁၃၃ ဒသမ ၉၄ သိန်း) ရှိခဲ့သဖြင့် ၃ ရာခိုင်နှုန်း မြင့်တက်လာကြောင်း တွေ့ရှိရသည်။ ဆောင်းရာသီ၏ အဓိကပဲမျိုးစုံသီးနှံဖြစ်သော ကုလားပဲ

Agribusiness & Trade

စိုက်ပျိုးဧရိယာမှာ ဟက်တာ ၉၅ ဒသမ ၈၈ သိန်း (ယခင် ၉၁ ဒသမ ၂၂ သိန်း) ရှိခဲ့သဖြင့် ၅ ဒသမ ၁၁ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး အထွက်နှုန်းကောင်းမွန်မည့် အလားအလာများ ရှိနေကြောင်း သိရသည်။ ထို့အတူ ပဲနီလေး စိုက်ပျိုးဧရိယာမှာလည်း ဟက်တာ ၁၈ ဒသမ ၁၂ သိန်း (ယခင် ၁၇ ဒသမ ၆၆ သိန်း) ရှိခဲ့သဖြင့် ၂ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း တွေ့ရှိရသည်။

အိန္ဒိယနိုင်ငံ၏ မတ်ပဲ (Urad) တင်သွင်းမှုသည် ၄၂ ရာခိုင်နှုန်းအထိ သိသိသာသာမြင့်တက်လာခြင်းကြောင့် အဆိုပါသီးနှံကို အဓိကစိုက်ပျိုးထုတ်လုပ်တင်ပို့နေသည့် မြန်မာနိုင်ငံအတွက် ဈေးကွက်ဝေစု ပိုမိုရရှိနိုင်မည့် အလားအလာကောင်းများ ရှိနေကြောင်း တွေ့ရှိရသည်။ သို့ရာတွင် ပဲစင်းငုံ (Tur) တင်သွင်းမှု ၇ ဒသမ ၇၁ ရာခိုင်နှုန်းခန့် အနည်းငယ်လျော့ကျနေခြင်းနှင့် အိန္ဒိယနိုင်ငံ၏ ဆောင်းသီးနှံ (Rabi) စိုက်ပျိုးရာသီတွင် ကုလားပဲနှင့် ပဲနီလေးစိုက်ပျိုးဧရိယာများ တိုးတက်လာခြင်းတို့ကြောင့် အိန္ဒိယ၏ ပြည်တွင်းအထွက်နှုန်းအပေါ်မူတည်၍ လာမည့်ဘဏ္ဍာနှစ်အတွက် တင်သွင်းမှုမူဝါဒများ ပြောင်းလဲလာနိုင်သည်ကို သတိပြုရန်လိုအပ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာ့ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်တင်ပို့သူလုပ်ငန်းရှင်များအနေဖြင့် အိန္ဒိယနိုင်ငံ၏ ပဲမျိုးစုံလက်ကျန်စတော့အခြေအနေနှင့် ပြည်တွင်း စိုက်ပျိုးထုတ်လုပ်မှု အလားအလာများကို အနီးကပ်စောင့်ကြည့်ကာ တင်ပို့မှုဗျူဟာများကို ပြင်ဆင်ထားသင့်ကြောင်း သုံးသပ်ရရှိပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

Source: The Hindu Businessline, India’s pulses imports likely to drop by 30% during FY26 to 5 million tonnes, January 28, 2026.

Agribusiness & Trade

## အိန္ဒိယ-အီးယူ လွတ်လပ်စွာကုန်သွယ်ရေးသဘောတူညီချက် (FTA) သည် ကျယ်ပြန့်သောကမ္ဘာ့ ဈေးကွက်ကို ဖွင့်လှစ်ပေးပြီး အလုပ်အကိုင်အခွင့်အလမ်းများ၊ ပို့ကုန်များနှင့်အတူ လူငယ်များနှင့် တောင်သူလယ်သမားများအတွက် အခွင့်အလမ်းများကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း

အိန္ဒိယဝန်ကြီးချုပ် Narendra Modi က ဥရောပသမဂ္ဂနှင့် ချုပ်ဆိုထားသော လွတ်လပ်စွာကုန်သွယ်ရေးသဘောတူညီချက် (FTA) သည် အိန္ဒိယကုန်ပစ္စည်းများအတွက် ကြီးမားသော ဈေးကွက်တစ်ခုကို ဖွင့်လှစ်ပေးခဲ့ပြီး အိန္ဒိယနိုင်ငံ၏ လူငယ်များ၊ တောင်သူလယ်သမားများ၊ ထုတ်လုပ်သူ

များနှင့် ဝန်ဆောင်မှုကဏ္ဍမှ ကျွမ်းကျင်ပညာရှင်များအတွက် အခွင့်အလမ်းကောင်းများစွာကို ဖန်တီးပေးခဲ့ကြောင်း ယခုလ ၂၉ ရက် (ကြာသပတေးနေ့) တွင် ပြောကြားခဲ့သည်။ ၎င်းက အဆိုပါ သဘောတူညီချက်မှ အကျိုးကျေးဇူးများကို အပြည့်အဝရရှိနိုင်ရန်အတွက် အရည်အသွေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးကို အာရုံစိုက်ကြရန် စက်မှုကဏ္ဍမှ ခေါင်းဆောင်များကို တိုက်တွန်းခဲ့ကြောင်း သိရသည်။

ဘတ်ဂျက်အစည်းအဝေး မစတင်မီ လွှတ်တော်ဝင်းအတွင်း မီဒီယာများကို ပြောကြားရာတွင် ၎င်းက အဆိုပါ လွတ်လပ်စွာကုန်သွယ်ရေးသဘောတူညီချက်သည် ယခုသုံးလပတ်အတွက် တောက်ပသော အစပျိုးမှုတစ်ခုဖြစ်ပြီး လာမည့်ရာစုနှစ်အတွက် ကတိကဝတ်များကို မြင်တွေ့နိုင်စေခဲ့ကြောင်း ပြောကြားခဲ့သည်။

၎င်းက ဥရောပသမဂ္ဂနှင့် ချုပ်ဆိုထားသော အဆိုပါ သဘောတူညီချက်ကို ရည်မှန်းချက်ကြီးမားသော အိန္ဒိယနိုင်ငံအတွက် သဘောတူညီချက်တစ်ခုအဖြစ် ဖော်ပြခဲ့ပြီး ၎င်းသည် အိန္ဒိယနိုင်ငံသားများအနေဖြင့် ကမ္ဘာ့ဈေးကွက်လမ်းကြောင်းသစ်များကို ရှာဖွေဖော်ထုတ်ရာတွင် ကူညီပေးလိမ့်မည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

နိုင်ငံပေါင်း ၂၇ နိုင်ငံနှင့် ချုပ်ဆိုထားသော အဆိုပါ သဘောတူညီချက်သည် လူငယ်များ၊ တောင်သူလယ်သမားများ၊ ထုတ်လုပ်သူများနှင့် ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူသို့မဟုတ် လုပ်ငန်းချဲ့ထွင်လိုသည့် ဝန်ဆောင်မှုကဏ္ဍမှသူများအတွက် အရေးပါသော အခွင့်အလမ်းများကို ဆောင်ကြဉ်းပေးမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။ ၎င်းက အိန္ဒိယစက်မှုကဏ္ဍအပေါ် ယုံကြည်မှုရှိကြောင်း ဖော်ပြလျက် ထုတ်လုပ်သူများသည် ၎င်းတို့၏ စွမ်းဆောင်ရည်များကို မြှင့်တင်ရန် အခွင့်အလမ်းများကို အရယူကြလိမ့်မည်ဟု ပြောကြားခဲ့သော်လည်း မြင့်မားသော အရည်အသွေးစံနှုန်းများကို ထိန်းသိမ်းရန် လိုအပ်ကြောင်းနှင့် ပေါ့ဆမှုမရှိစေရန် သတိပေးပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါ အိန္ဒိယ-အီးယူ လွတ်လပ်စွာကုန်သွယ်ရေးသဘောတူညီချက်ကို ဆယ်စုနှစ်နှစ်ခုနီးပါးကြာ အကြိတ်အနယ်ဆွေးနွေးခဲ့ကြပြီးနောက် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် အောင်မြင်စွာ အတည်ပြုနိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

Source: Freepressjournal.in, PM Modi Says India-EU FTA Opens Vast Global Market, Boosts Jobs, Exports And Opportunities For Youth And, January 30, 2026.

---

Agribusiness & Trade